**ဒီတစ်ပတ်မှာတော့ "ပြည်ပကပြန်လာတဲ့ မြန်မာနိုင်ငံသား လုပ်နိုင်စွမ်း ရှိသူတွေရဲ့ စိတ်ကူးတွေဟာ လက်တွေ့နဲ့ တစ်ထပ်တည်းကျရဲ့လား " ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၀အလွန် မြန်မာနိုင်ငံ၌ ဒီမိုကရေစီကူးပြောင်းမှု အသက်သုံးနှစ်ထဲရောက်လာခဲ့သည့်အချိန်တွင် အလှုပ်အရမ်းတို့ပေါ်ပေါက်လာခဲ့ပြီး ၂၀၁၄ အရောက်တွင်မူ လှုပ်ရမ်းရုံမျှမကသည့် အခြေအနေသို့ ရောက်ရှိခဲ့ပြီး လေ့လာစောင့်ကြည့်သူတို့က စိုးရိမ်ရသည့် အခြေအနေဟု ဆိုခဲ့ကြသည်။

Transitional Period ဟုခေါ်ကြသည့် မြန်မာ့ဒီမိုကရေစီစနစ်အကူးအပြောင်းကာလတစ်ရပ် ဖြစ်ပေါ်လာခဲ့ရာ နိုင်ငံတကာမှ ဆက်ဆံမှုများ ဝင်ရောက်လာခဲ့သလို နိုင်ငံရေးနှင့် အခြားသော အကြောင်းရင်းတို့ကြောင့် ပြည်တွင်းမှ ထွက်ခွာသွားခဲ့ကြသူများအတွက်လည်း မြန်မာနိုင်ငံသို့ ပြန်လာရန် သမ္မတက ဖိတ်ခေါ်စကားပြောကြားခဲ့သည်။

ထို့ကြောင့်ပင် ယခင်ကပြည်ဝင်ခွင့်မရသူအများအပြား ပြည်တွင်းသို့ ပြန်လာခွင့်ရခဲ့သည်။ ယင်းအပြင် RFA , BBC, DVB, MIZZIMA စသည့် ပြည်ပမီဒီယာတစ်ချို့ပါ ပြည်တွင်း၌ အခြေစိုက်ခွင့်ရခဲ့သည်။

ထို့အပြင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ( permanent residence system ) စနစ်အကောင်အထည်ဖော်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ကို နိုဝင်ဘာလ ၁၈ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့် ဗီဇာအတွက် လျှောက်ထားသူ ၁၈၀ဦး ရှိပြီး ၁၀၀ ဦးကို ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

သို့သော်လည်း လက်ရှိအချိန်အထိ ပြန်တော်ပြန်မည့်သူများအတွက် ချမှတ်ထားသည့် မူဝါဒများ အထူးသဖြင့် PR နှင့်ပတ်သက်၍ တိကျသေချာသည့် မူဝါဒတစ်ရပ်မရှိသေး ဟုလည်းဆိုကြသည်။ ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်တွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် လုပ်နိုင်စွမ်းရှိ မြန်မာနိုင်ငံသားတို့နဲ့ ပြည်တော်ပြန်ခွင့်အတွက် စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို ဆွေးနွေးကြည့်ကြမည် ဖြစ်ပါသည်။

## သူတို့အမြင်

တကယ်တော့ ကျနော်တို့ ဥပဒေအရ တခြားနိုင်ငံမှာ ရောက်နေတဲ့ မြန်မာနိုင်ငံသားဟောင်း ဆိုပေမယ့်လို့ ဟိုဘက် နိုင်ငံသား ခံယူပြီးရင် မြန်မာနိုင်ငံသား မဟုတ်တော့ဘူး။ မဟုတ်တော့ရင် တကယ်ကျတော့ကျနော်တို့ ဥပဒေအရ မြန်မာနိုင်ငံသား ပြန်ဖြစ်ခွင့် မရှိတော့ပါဘူး။ သို့သော်လည်းပဲ အပေါက်ကလေးတပေါက်က ဘာလဲဆိုတော့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၈ (ခ) မှာ နိုင်ငံတော်အကြီးအကဲကဖြင့်နိုင်ငံတော်အကျိုးငှာ ပြန်လက်ခံလို့ရတယ်။ ယနေ့ ကျနော်တို့ နိုင်ငံတော်သမ္မတကြီးက အဲဒီ အချက်ကလေးကို ကိုင်စွဲပြီးတော့ ကိုယ့်နိုင်ငံသားတွေ ပြန်ပြီးတော့ National reconciliation ပေါ့၊ ရင်ကြားစေ့နိုင်ရေးအတွက် ဖိတ်ခေါ်ခဲ့တာ။ ဖိတ်ခေါ်တဲ့ လုပ်ငန်းစဉ်ကို ကျနော်တို့ ဝန်ကြီးဌာနရယ်၊ ပြည်ထဲရေးရယ်၊ နိုင်ငံခြားရေးရယ် သုံးဌာနက လုပ်ပါတယ်။

ဦးခင်ရီ - လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

"PR စနစ် လုပ်တယ်ဆိုတာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံ တည်ဆောက်ရေး ကိစ္စတွေမှာ လိုအပ်တဲ့ လူ့စွမ်းအား အရင်းအမြစ်တွေ ရဖို့လုပ်တာ။ ထွက်သွားတဲ့ နိုင်ငံသား အားလုံးကို ပြန်ပေးဖို့ ရည်ရွယ်ချက်နဲ့လုပ်တာ မဟုတ်ဘူး"

**ဦးရဲထွဋ်** - ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

"ဒီတစ်ခေါက် ဗီဇာလျှောက်တာ အရင်ထက်ကြာတယ်။ မိတ်ဆွေတွေထဲက နိုင်ငံရေး မလုပ်တဲ့ သူတွေ လျှောက်တာတော့ ရတယ်ဆိုတော့ တစ်ဦးချင်း ပစ်မှတ်ထားပြီး တုံ့ပြန်နေတာလား"

**ဒေါ်ခင်ဥမ္မာ** - မြန်မာ့အရေးပူးပေါင်း ဆောင်ရွက်သူများအဖွဲ့ (Burma Partnership)"

***Information links:***

www.thevoicemyanmar.com
www.news-eleven.com
**www.dvbdebate.net**
**www.**Burmese.dvb.no
www.youtube.com/channel